Vol. 4 / No. 118 | Established in 2004 | ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်၊ (Friday, August 26, 2016)

# ငလျင်ကြောင့် ပျက်စီးခဲ့သည့်စေတီပုထိုးများ ပြုပြင်ရာတွင် အလျင်စလို မလုပ်ရန် ဒေါ်အောင်ဆန်းစုကြည် မှာကြား

**ပုဂံ၊ ဩဂုတ် ၂၅**

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ စေတီပုထိုးများကို အလျင်စလို မပြုပြင်ဘဲ ယူနက်စကို၏ နည်းပညာအကူအညီဖြင့် စနစ်တကျစီမံဆောင်ရွက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မှာကြားကြောင်း သာသနာရေးဝန်ကြီး သူရဦးအောင်ကိုက ပြောကြားသည်။

"ယူနက်စကိုရဲ့ နည်းပညာအကူအညီ နဲ့ သေချာစီမံပါ။ World Plan လုပ်ပါ၊ သေချာလုပ်ပါ" ဟု နိုင်ငံတော်၏ အတိုင်ပင်ခံက မှာကြားသည်ဟု ၎င်းက ထပ်မံပြောဆိုသည်။

ယမန်နေ့ (ဩဂုတ် ၂၄ ရက်) စာ 28

**ပုဂံမြေက လမိုက်ည** စာ 2




ငလျင်ကြောင့် ထိခိုက်ခဲ့သော စူဠာမဏိစေတီကို ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းက တွေ့မြင်ရစဉ်

# ၄၈ နာရီ ကြိုတင်အသိပေးရုံဖြင့် ဆန္ဒထုတ်ဖော်နိုင်မည့် ငြိမ်းစုစီးဥပဒေကြမ်း ပြည်သူ့လွှတ်တော် အတည်ပြု

**နေပြည်တော်၊ ဩဂုတ် ၂၅**

မြို့နယ်ရဲစခန်းများတွင် ခွင့်ပြုချက်တောင်းခံရန်မလိုအပ်ဘဲ ၄၈ နာရီ (၂ ရက်) ကြိုတင်အသိပေးရုံဖြင့် ဆန္ဒထုတ်ဖော်ခွင့်ရမည့်အချက်အပါအဝင် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အဆိုပြုသည့်အတိုင်း အတည်ပြုလိုက်သည်။

အမျိုးသားလွှတ်တော်၌စတင်တင်သွင်း၍ ပြင်ဆင်အတည်ပြုခဲ့သော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဩဂုတ်လ ၂၅ ရက်တွင် ကျင်းပသည့်ပြည်သူ့လွှတ်တော်က ဆွေးနွေးခဲ့ရာ အချက် ၃၀ ကို ပြင်ဆင်ခြင်းမပြုသော်လည်း ကျန် ၃၆ ချက်ကို ပြင်ဆင်၍ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါပြင်ဆင်ချက်များမှာ စကားလုံးအသုံးအနှုန်းဆိုင်ရာ ပြင်ဆင်ချက်များသာဖြစ်ပြီး အမျိုးသားလွှတ်တော်က အတည်ပြုထားချက်များကို အဓိပ္ပာယ်ပြောင်းလဲစေနိုင်သည့် ပြင်ဆင်ပြဋ္ဌာန်းချက်များ မပါဝင်ခဲ့ပေ။

လွှတ်တော်နှစ်ရပ်၏ အသီးသီး အတည်ပြုထားချက်များအရ စာ 28




# ဆေးရုံကြီးရှေ့ရှိ စည်းကမ်းမဲ့ဈေးရောင်းသူများကို ဖယ်ရှားသွားမည်

**ရန်ကုန်၊ ဩဂုတ် ၂၅**

ဗိုလ်ချုပ်လမ်းနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှေ့တွင် စည်းကမ်းမဲ့စွာ ရောင်းချသည့်ဈေးသည်များကို နှစ်ပတ်ခန့် ပညာပေးကာလသတ်မှတ်၍စည်းရုံးပြောဆိုစောင့်ကြည့်သွားမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက သက်ဆိုင်ရာ တာဝန်ရှိသည့်အဖွဲ့အစည်းဌာနများဖြင့် ပူးပေါင်းကာရှင်းလင်းဖယ်ရှားသွားမည်ဖြစ်ကြောင်း ယင်းဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုက The Voice သို့ ပြောကြားသည်၊ စာ 28

# သံလမ်းပေါ် အရက်ထိုင်သောက်သူ သုံးဦး ရထားတိုက်မိ သေဆုံး

**ရန်ကုန်၊ ဩဂုတ် ၂၅**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မလွှကုန်းဘူတာနှင့် ပုဇွန်တောင်ဘူတာကြားရှိ ရထားသံလမ်းတွင် ဩဂုတ်လ ၂၅ ရက် နံနက် ၈ နာရီခွဲက သံလမ်းပေါ်အရက်ထိုင်သောက်နေသည့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦး ရထားတိုက်မိရာမှ သေဆုံးခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါ သေဆုံးခဲ့သူများမှာ အသက် ၂၄ နှစ်အရွယ် အမျိုးသမီး စာ 28

